# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# သီဟိုဠ်စေ့

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၈)

(HS- Code 080132)

Fresh or Dried Cashew Nuts in Shell









October 2018

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 080132 Fresh or Dried Cashew Nuts in Shell

**(HS-Code 080132)**


**Fresh or Dried Cashew Nuts in Shell**


### ကမ္ဘာထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1: Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 1580702 | 153464 | 10300 | 32.8 |
| Germany | 545164 | 53951 | 10105 | 11.3 |
| Netherlands | 531979 | 52946 | 10048 | 11 |
| United Kingdom | 216691 | 22282 | 9725 | 4.5 |
| United Arab Emirates | 200446 | 18441 | 10870 | 4.2 |

Source : ITC TradeMap






၁။ ဖော်ပြပါ (HS-Code 080132) သီဟိုဠ်စေ့ အား ၂၀၁၇ခုနှစ်တွင် အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အမေရိကန်၊ဂျာမဏီ၊ နယ်သာလန်၊ အင်္ဂလန်နှင့် ယူအေအီးတို့ ဖြစ်ကြသည်။ အမေရိကန်နိုင်ငံ၏ ၂၀၁၇ ခုနှစ် တင်သွင်းမှု တန်ဖိုးသည် ကန်ဒေါ်လာ ၁၅၈၀ ဒသမ ၇၀၂ သန်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ဝေစု ၃၂ ဒသမ ၈ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဂျာမဏီက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅၄၅ ဒသမ ၁၆၄ သန်းနှင့် ဈေးကွက် ဝေစု၁၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အလားတူ နယ်သာလန်၊ အင်္ဂလန်နှင့် ယူအေအီးတို့က ဈေးကွက်ဝေစု ၁၁ ရာခိုင်နှုန်း ၊ ၄ ဒသမ ၅ ရာခိုင်နှုန်း ၊ ၄ ဒသမ ၂ ရာခိုင်နှုန်း တို့ဖြင့်အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့သီဟိုဠ်စေ့ တင်သွင်းသည့် နိုင်ငံပေါင်း ၁၆၈ နိုင်ငံရှိပါသည်။

## မြန်မာ့ သီဟိုဠ်စေ့ တင်ပို့သည့် ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 2: Top 5 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Singapore | 5013 | 483 | 10379 | 34.8 |
| Malaysia | 4392 | 398 | 11035 | 30.5 |
| Thailand | 3387 | 388 | 8729 | 23.5 |
| Korea, Republic of | 969 | 76 | 12750 | 6.7 |
| Taipei, Chinese | 341 | 51 | 6686 | 2.4 |

Source : ITC TradeMap

၂။ ၂၀၁၇ ခုနှစ်တွင် မြန်မာ့သီဟိုဠ်စေ့ အား အများဆုံး တင်ပို့ရောင်းခဲ့သည့် နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယားနှင့် တိုင်ပေ (တရုတ်) နိုင်ငံများ ဖြစ်ကြသည်။ မြန်မာ့ သီဟိုဠ်စေ့ကို အာရှနိုင်ငံများသို့သာ အဓိကတင်ပို့ရလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 3:Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| United Arab Emirates | 200446 | 18441 | 4.2 |
| Japan | 107827 | 10231 | 2.2 |
| Thailand | 92228 | 8980 | 1.9 |
| Russian Federation | 48002 | 5915 | 1 |
| China | 46906 | 4321 | 1 |

Source : ITC TradeMap


၃။ လေ့လာနေသော သီဟိုဠ်စေ့ကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ ယူအေအီး၊ ဂျပန်၊ ထိုင်း၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ ယူအေအီးနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၂၀၀ ဒသမ ၄၄၆ သန်းနှင့် အရေအတွက် ၁၈၄၄၁ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၀၇ ဒသမ ၈၂၇ သန်းဖိုးနှင့် အရေအတွက် ၁၀၂၃၁ တန်နှင့် ဒုတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ထိုင်း၊ ရုရှားနှင့် တရုတ်နိုင်ငံ တို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

### Fig 4. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Viet Nam | 2939068 | 293886 | 10001 | 59.4 |
| India | 943419 | 88419 | 10670 | 19.1 |
| Netherlands | 386346 | 38763 | 9967 | 7.8 |
| Germany | 168210 | 14745 | 11408 | 3.4 |
| Brazil | 114090 | 11424 | 9987 | 2.3 |

Source : ITC TradeMap


Top 5 world exporters in 2017
3500000
3000000
2500000
2000000
1500000
1000000
500000
0
Viet Nam
India
Netherlands
Germany
Brazil
OTHER
Value exported in 2017 (USD thousand)
Quantity exported in 2017


List of exporting countries for the selected product in 2017
Product : 080132 Fresh or dried cashew nuts, shelled
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Spain
Italy
Turkey
China
Iraq
Pakistan
Algeria
Egypt
India
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Exported value, USD thousand
N.A.
0 - 29,391 USD thousand
29,391 - 146,953 USD thousand
146,953 - 293,907 USD thousand
293,907 - 587,813 USD thousand
587,813 - 1,469,534 USD thousand
> 1,469,534 USD thousand

၄။ ၂၀၁၇ ခုနှစ်တွင် ဖော်ပြပါ သီဟိုဠ်စေ့ (HS-Code 080132) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ ဗီယက်နမ်၊ အိန္ဒိယ၊ နယ်သာလန်၊ ဂျာမဏီနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံသည် ကန်ဒေါ်လာ ၂၉၃၉ ဒသမ ၀၆၈ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၅၉ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ အိန္ဒိယက လည်းကန်ဒေါ်လာ ၉၄၃ ဒသမ ၄၁၉ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၉ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် နယ်သာလန်၊ ဂျာမဏီနှင့် ဘရာဇီးတို့က အစဉ်လိုက် ရှိကြသည်။ ဈေးနှုန်းအနေနှင့်ဂျာမဏီက အမြင့်ဆုံးဖြစ်ပြီး အိန္ဒိယ၊ ဗီယက်နမ်၊ ဘရာဇီးနှင့် နယ်သာလန်တို့ကအစဉ်လိုက်ရှိကြသည်။ မြန်မာနိုင်ငံသည် သီဟိုဠ်စေ့ တင်ပို့သည့် ကမ္ဘာ့နိုင်ငံ (၉၈) နိုင်ငံတွင် အဆင့် (၂၀) နေရာ ၌ရှိသည်။

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### စင်ကာပူဈေးကွက်

Fig 5:Top 5 world exporters to Singapore in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| India | 10312 | 993 | 52.4 |
| Myanmar | 5013 | 483 | 25.5 |
| Viet Nam | 3443 | 332 | 17.5 |
| Mozambique | 313 | 30 | 1.6 |
| Malaysia | 308 | 30 | 1.6 |

Source : ITC TradeMap

## မလေးရှားဈေးကွက်

Fig 6:Top 5 world exporters to Malaysia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Viet Nam | 12200 | 1261 | 42.2 |
| India | 8406 | 774 | 29 |
| Myanmar | 4392 | 398 | 15.2 |
| Indonesia | 3457 | 343 | 11.9 |
| Hong Kong, China | 177 | 26 | 0.6 |

Source : ITC TradeMap

## ထိုင်းဈေးကွက်

Fig 7:Top 5 world exporter to Thailand of in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Viet Nam | 87362 | 8450 | 94.7 |
| Myanmar | 3387 | 388 | 3.7 |
| Indonesia | 1228 | 117 | 1.3 |
| India | 196 | 16 | 0.2 |
| Kenya | 51 | 8 | 0.1 |

Source : ITC TradeMap

## ကိုရီးယားဈေးကွက်

Fig 8:Top 5 world exporters to Korea in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| India | 18144 | 1705 | 56.3 |
| Viet Nam | 9321 | 872 | 28.9 |
| Indonesia | 3673 | 348 | 11.4 |
| Myanmar | 969 | 76 | 3 |
| United States of America | 125 | 4 | 0.4 |

Source : ITC TradeMap

## တိုင်ပေ (တရုတ်)ဈေးကွက်

Fig 9:Top world exporters to Taipei, Chinese in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Viet Nam | 16135 | 1939 | 96.2 |
| Myanmar | 341 | 51 | 2 |
| Indonesia | 277 | 35 | 1.7 |
| India | 8 | 1 | 0 |
| Sri Lanka | 7 | 0 | 0 |

Source : ITC TradeMap

## EU နိုင်ငံများမှ သီဟိုဠ်စေ့ တင်သွင်းမှု

၅။ ၂၀၁၇ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် သီဟိုဠ်စေ့ တင်သွင်းမှု ပမာဏသည် ၁၈၈၉၂၇ တန်ရှိပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၉၁၁ ဒသမ ၈၄၃ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၃၉ ဒသမ ၇ ရာခိုင်နှုန်းရယူထားပါသည်။ ၂၀၁၇ ခုနှစ်တွင် သီဟိုဠ်စေ့ အများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၃) နိုင်ငံမှာ ဂျာမဏီ၊ နယ်သာလန်နှင့် အင်္ဂလန် တို့ဖြစ်ကြပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် (၅) နှစ်တာကာလအတွင်းတန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Fig 10. ***Top Three EU Importers with the Biggest Growth in value Between 2013 and 2017***

| *Importers* | *Annual growth in value between 2013-2017(%)* | *Annual growth in value between 2016-2017(%)* |
|---|---|---|
| Germany | 24 | 35 |
| Netherlands | 17 | 29 |
| United Kingdom | 20 | 25 |

၆။ သီဟိုဠ်စေ့ အများဆုံး တင်သွင်းသော EUထိပ်တန်း (၃) နိုင်ငံ၏ ၂၀၁၇ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 11. Top Three Cashew Nuts Importers of EU in 2017**

| Top Three Importers of EU in 2017 | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2017 (USD thousand) | Quantity imported in 2017 | Unit value (USD/unit) | Share in world imports (%) |
| World | 4816640 | 485746 | 9916 | 100 |
| European Union (EU 28) Aggregation | 1911843 | 188927 | 10120 | 39.7 |
| Germany | 545164 | 53951 | 10105 | 11.3 |
| Netherlands | 531979 | 52946 | 10048 | 11 |
| United Kingdom | 216691 | 22282 | 9725 | 4.5 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၇။ သီဟိုဠ်စေ့ တင်သွင်းမှု အများဆုံး ထိပ်တန်းနိုင်ငံများ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့က အများဆုံး တင်ပို့ရလျက်ရှိသည်ကိုတွေ့ရသည်။ ယင်းနှစ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက် ထိပ်တန်းပို့ကုန်စာရင်းတွင် အဆင့် (၁) နှင့် (၂) နေရာတွင်ရှိနေ သည်။ မြန်မာနိုင်ငံအနေနှင့်မူ ဝယ်လက်နိုင်ငံများ ဖြစ်ကြသော စင်ကာပူ၊ ထိုင်း၊ တိုင်ပေ (တရုတ်) တို့တွင် အဆင့် (၂) နေရာ ၊ မလေးရှားနိုင်ငံတွင် အဆင့် (၃)၊ ကိုရီးယားနိုင်ငံတွင် အဆင့် (၄) နေရာများတွင်ရပ်တည်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့သီဟိုဠ်စေ့ အများဆုံးတင်သွင်းနေသော အမေရိကန်၊ ဂျာမဏီနှင့် နယ်သာလန်စ်ဈေးကွက်များသို့ ထိုးဖောက်နိုင် ရေးကြိုးပမ်းသင့်ပါသည်။

### ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှု

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှုတန်ဖိုး အခြေပြဇယား

**Fig 12: List of exporters for the selected product**

Product: 080132 Fresh or dried cashew nuts, shelled

Unit : US Dollar thousand

| Exporters | Exported value in 2013 | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 |
|---|---|---|---|---|---|
| Myanmar | 3476 | 5802 | 3960 | 3126 | 8191 |

၈။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှု တန်ဖိုးမှာ ၂၀၁၃ ခုနှစ်တွင် ကန်ဒေါ်လာ ၃ ဒသမ ၄ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၈ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါသည်။

## ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှု ပမာဏ

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှုပမာဏ အခြေပြဇယား

**Fig 13: List of exporters for the selected product**

Product: 080132 Fresh or dried cashew nuts, shelled

| Exporters | 2013 | 2014 | 2015 | 2016 | 2017 |
|---|---|---|---|---|---|
| | Exported quantity, Tons | Exported quantity , Tons | Exported quantity , Tons | Exported quantity, Tons | Exported quantity, Tons |
| Myanmar | 469 | 818 | 551 | 511 | 1133 |

Source: ITC

၉။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှု ပမာဏမှာ ၂၀၁၃ ခုနှစ်တွင် ၄၆၉ တန်သာ တင်ပို့မှုရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ၁၁၃၃ တန်ထိတိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

## မြန်မာနိုင်ငံမှ ပြည်ပသို့ သီဟိုဠ်စေ့ တင်ပို့မှု

၁၀။ Tradedata.moc.local အရမြန်မာနိုင်ငံမှ ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်တို့မှ သီဟိုဠ်စေ့တင်ပို့မှုအခြေအနေအား ဖော်ပြအပ်ပါသည်-

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ သီဟိုဠ်စေ့ တင်ပို့မှုအခြေပြဇယား**

**ကန်ဒေါ်လာသန်း**

| ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ် | |
|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၂၀၁၃-၂၀၁၄ | ၅၂၈.၆၇၅ | ၂.၃၇၆ | ၃၈၇၇.၀၇၀ | ၂၂.၁၇၅ |
| ၂၀၁၄-၂၀၁၅ | ၅၁၉.၉၉၄ | ၃.၂၈၁ | ၁၃၄၇.၅၁၀ | ၁၀.၂၃၁ |
| ၂၀၁၅-၂၀၁၆ | ၆၃၇.၁၂၈ | ၃.၅၈၈ | ၁၇၉၁.၃၄၇ | ၁၁.၉၀၅ |
| ၂၀၁၆-၂၀၁၇ | ၁၀၄၅.၅၄၀ | ၃.၉၃၃ | ၉၀၉.၇၃၂ | ၅.၈၁၈ |
| ၂၀၁၇-၂၀၁၈ | ၁၈၅၇.၂၄၁ | ၅.၇၉၈ | ၁၄၇၁.၄၇၆ | ၉.၆၂၇ |

Source:Tradedatamoc.local

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ သီဟိုဠ်စေ့ တင်ပို့နိုင်မှုမှာ တန်ချိန် ၅၂၈ တန်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၈၅၇ တန်ကျော် တင်ပို့နိုင်ခဲ့သဖြင့် ၃၅၁ ရာခိုင်နှုန်းကျော် တင်ပို့မှုပိုမိုလာသည်ကိုတွေ့ရသည်။ (1857 x 100) / 528 ) တန်ဖိုးအားဖြင့် နှိုင်းယှဉ်လျှင်မှု ၂၄၄ ရာခိုင်နှုန်းခန့်ပိုမိုရရှိသည်ကိုတွေ့ရသည်။ (5.798 x 100) / 2.376 ) သို့သော် နယ်စပ်မှတင်ပို့မှုကို နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ၃၈ ရာခိုင်နှုန်းခန့်နှင့် တန်ဖိုးအားဖြင့် ၄၃ ရာခိုင်နှုန်းကျော် လျော့နည်းတင်ပို့နိုင်ခဲ့သည်ကိုတွေ့ရသည်။

၁၂။ ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ (၅) နှစ်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ သီဟိုဠ်စေ့ တင်ပို့သော နိုင်ငံများမှာ စင်ကာပူ၊ ထိုင်ဝမ်၊ နယူးဇီလန်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ Slovak Repulic ၊အိန္ဒိယ၊ ပါကစ္စတန်၊ ဆွီဒင်၊ မက္ကဆီကို၊ အင်္ဂလန်၊ ထိုင်းနှင့် ယူအေအီးနိုင်ငံတို့ဖြစ်ကြပြီး နယ်စပ်မှ သီဟိုဠ်စေ့ တင်ပို့သော နိုင်ငံများမှာ ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၃။ စင်ကာပူ၊ မလေးရှား၊ ဂျာမဏီ၊ နယ်သာလန်နှင့် အင်္ဂလန်တို့က MFN duties သုညရာခိုင်နှုန်းသတ်မှတ်ထားသည်။ ကိုရီးယားနိုင်ငံက MFN duties ကို သုညဒသမ ၀၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်းနှင့် ASEAN Countries အတွက် သုညဒသမ ၀၅ ရာခိုင်နှုန်းသတ်မှတ်ထားသည်။ တိုင်ပေ(တရုတ်)က MFN duties ကို သုည ဒသမ ၁၆ ရာခိုင်နှုန်းသတ်မှတ်ထားကြောင်းလေ့လာ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် LDC ဖြစ်ရုံ သာမက ASEAN အဖွဲ့ဝင်နိုင်ငံ လည်းဖြစ်သော ကြောင့် အထူးဦးစားပေးအကောက်ခွန်နှုန်းကို ခံစားခွင့်ရှိပါသည်။

# Tariff Rate of Cashew Nuts

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| singapore | MFN duties (Applied) | 0 |
| korea | MFN duties (Applied) | 0.08 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0.05 |
| malaysia | MFN duties (Applied) | 0 |
| Taipei Chinese | MFN duties (Applied) | 0.16 |
| Germany | MFN duties (Applied) | 0 |
| Netherland | MFN duties (Applied) | 0 |
| United kingdom | MFN duties (Applied) | 0 |

Source: Market Access Map